(ဆဆ) ဒုတိယညွှန်ကြားရေးမှူး အတွင်းရေးမှူး
ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၂) **လုပ်ငန်းတာဝန်များ**

(ကက) Myanmar NDCs 3.0 တွင် နိုင်ငံ၏အခြေအနေနှင့်သင့်လျော်သည့် သယ်ယူပို့ဆောင်ရေးကဏ္ဍဆိုင်ရာ Unconditional targets နှင့် Conditional targets များ တိကျစွာထည့်သွင်းရေးဆွဲနိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေးဆိုင်ရာ နယ်ပယ်အလိုက်အချက်အလက်များ ပံ့ပိုးခြင်း၊ ပေါင်းစပ်ခြင်း၊ စိစစ်တွက်ချက်ခြင်းနှင့် သုံးသပ်အတည်ပြုခြင်းများဆောင်ရွက်ရန်၊

(ခခ) သယ်ယူပို့ဆောင်ရေးကဏ္ဍဆိုင်ရာ လုပ်ငန်းနယ်ပယ်များနှင့်စပ်လျဉ်း၍ သမားရိုးကျ ကာဗွန်ထုတ်လွှတ်မှုကို စိစစ်တွက်ချက်ရန်နှင့် ကာဗွန်လျှော့ချရေးဆိုင်ရာ လုပ်ငန်းနယ်ပယ်များကို စိစစ်တင်ပြရန်၊

(ဂဂ) NDCs (၂၀၂၁) အစီရင်ခံစာပါ အချက်အလက်များအပေါ်အခြေခံ၍ သက်ဆိုင်ရာနယ်ပယ်အလိုက် ဆောင်ရွက်တိုးတက်မှု အချက်အလက်များကို Myanmar NDCs 3.0 တွင် ထည့်သွင်းရေးဆွဲနိုင်ရေး အချက်အလက်များ ပံ့ပိုးခြင်း၊ ပေါင်းစပ်ခြင်းနှင့် သုံးသပ်အတည်ပြုခြင်းများဆောင်ရွက်ရန်၊

(ဃဃ) Myanmar NDCs 3.0 တွင် ထည့်သွင်းဆောင်ရွက်မည့် သယ်ယူပို့ဆောင်ရေးကဏ္ဍဆိုင်ရာ ရည်မှန်းချက်များ သတ်မှတ်ကာလအလိုက်ပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေနှင့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအား ဖော်ထုတ်၍ အစီရင်ခံစာတွင် ထည့်သွင်းရေးဆွဲနိုင်ရေးဆောင်ရွက်ရန်၊

(ငင) သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ အနာဂတ်တွင် ဖွံ့ဖြိုးလာနိုင်သည့် သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့်သက်ဆိုင်သော လုပ်ငန်းများ (လျှပ်စစ်သုံးယာဉ်များစသည်ဖြင့်) အားဖော်ထုတ်၍ ကာဗွန်လျှော့ချနိုင်မှု အလားအလာများအား သုံးသပ်တင်ပြရန်။

( င ) **စက်မှု၊ မြို့ပြနှင့် စွန့်ပစ်ပစ္စည်းကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့**

(၁) **ဖွဲ့စည်းခြင်း**

| | | |
|---|---|---|
| (ကက) | ညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးဌာန<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ခ ) | ညွှန်ကြားရေးမှူး<br>ပြည်တွင်းအခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ဂ ) | ညွှန်ကြားရေးမှူး<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င င ) | ညွှန်ကြားရေးမှူး<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ စ ) | ညွှန်ကြားရေးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေးဌာန<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ဇ ) | ညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်အရည်အသွေးနှင့် စံချိန်စံညွှန်းဌာန<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ဈ ) | ညွှန်ကြားရေးမှူး<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ညည) | ညွှန်ကြားရေးမှူး<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ဋ ) | ညွှန်ကြားရေးမှူး<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ဌ ) | ညွှန်ကြားရေးမှူး<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဍဍ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဎဎ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဏဏ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(တတ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန
ရန်ကုန်စည်ပင်သာယာရေးကော်မတီ

(ထထ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဒဒ) ဒုတိယညွှန်ကြားရေးမှူး အတွင်းရေးမှူး
ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၂) **လုပ်ငန်းတာဝန်များ**

(ကက) Myanmar NDCs 3.0 တွင် နိုင်ငံ၏အခြေအနေနှင့်သင့်လျော်သည့် စက်မှုနှင့် မြို့ပြကဏ္ဍဆိုင်ရာ Unconditional targets နှင့် Conditional targets များနှင့် အတည်ပြုထုတ်ပြန်ခဲ့ပြီးဖြစ်သည့် မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်နှင့်ချိတ်ဆက်၍ နိုင်ငံ၏အခြေအနေနှင့် သင့်လျော်သည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကဏ္ဍဆိုင်ရာ ထည့်သွင်းရေးဆွဲနိုင်ရေးနှင့် ၎င်းရည်မှန်းချက်များအား ပြည့်မီစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နယ်ပယ်များကို ဖော်ထုတ်၍ နယ်ပယ်အလိုက် အချက်အလက်များ ပံ့ပိုးခြင်း၊ စိစစ်တွက်ချက်ခြင်း၊ ပေါင်းစပ်ခြင်းနှင့် သုံးသပ်အတည်ပြုခြင်းများဆောင်ရွက်ရန်၊

(ခခ) စက်မှုနှင့် မြို့ပြကဏ္ဍ ကဏ္ဍဆိုင်ရာ လုပ်ငန်းနယ်ပယ်များနှင့်စပ်လျဉ်း၍ သမားရိုးကျကာဗွန်ထုတ်လွှတ်မှုကို စိစစ်တွက်ချက်ရန်နှင့် ကာဗွန်လျှော့ချရေးဆိုင်ရာ လုပ်ငန်းနယ်ပယ်များကိုစိစစ်တင်ပြရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းထွက်ရှိမှု အရင်းအမြစ်များအလိုက် သမားရိုးကျကာဗွန်ထုတ်လွှတ်မှုများကို စိစစ်တွက်ချက်တင်ပြရန်၊

(ဃဃ) မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CDM/SDM စီမံကိန်းများမှ ရရှိလာမည့် Carbon Credit များနှင့်စပ်လျဉ်း၍ Myanmar NDCs 3.0 အစီရင်ခံစာတွင် Contribution အနေဖြင့် ထည့်သွင်းဖော်ပြနိုင်ရေးဆောင်ရွက်ရန်၊

(ငင) Myanmar NDCs 3.0 တွင် ထည့်သွင်းဖော်ပြမည့် စက်မှု၊ မြို့ပြနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကဏ္ဍဆိုင်ရာ ရည်မှန်းချက်များပြည့်မီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေနှင့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအား ဖော်ထုတ်၍ အစီရင်ခံစာတွင် ထည့်သွင်းရေးဆွဲနိုင်ရေးဆောင်ရွက်ရန်၊

(စစ) စက်မှု၊ မြို့ပြနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကဏ္ဍနှင့်စပ်လျဉ်း၍ အနာဂတ်တွင် ဖွံ့ဖြိုးလာနိုင်သည့် လုပ်ငန်းများအား ဖော်ထုတ်၍ ကာဗွန်လျှော့ချရေးဆိုင်ရာ အလားအလာများအား သုံးသပ်တင်ပြရန်။

(စ) **အအေးပေးကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့**

(၁) **ဖွဲ့စည်းခြင်း**

| | | |
|---|---|---|
| (ကက) | ညွှန်ကြားရေးမှူး<br>ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာန<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ညွှန်ကြားရေးမှူး<br>မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ညွှန်ကြားရေးမှူး<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူး<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ငင) | ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စစ) | ညွှန်ကြားရေးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ညွှန်ကြားရေးမှူး<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇဇ) | ညွှန်ကြားရေးမှူး<br>ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈဈ) | ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ညည) | ညွှန်ကြားရေးမှူး<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋဋ) | ညွှန်ကြားရေးမှူး<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌဌ) | ညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍဍ) | ညွှန်ကြားရေးမှူး<br>နည်းပညာနှင့် သက်မွေးပညာလေ့ကျင့်ရေးဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |

(ပပ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဏဏ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(တတ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ထထ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဒဒ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဓဓ) ဒုတိယညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၂) **လုပ်ငန်းတာဝန်များ**

(ကက) Myanmar NDCs 3.0 တွင် အအေးပေးပစ္စည်းဆိုင်ရာ အချက်အလက်များ တိကျစွာဖြည့်စွက်နိုင်ရေးနှင့် ရည်မှန်းချက်များ ထည့်သွင်းဖော်ပြနိုင်ရေးအတွက် Ozone Depleting Substances (HCFCs, HFCs,....) တင်သွင်း/တင်ပို့ခြင်းဆိုင်ရာ အချက်အလက်များ၊ အအေးပေးဆိုင်ရာ ဒြပ်ပစ္စည်းများ/ စက်ပစ္စည်းများ၏ လက်ရှိ တင်သွင်း/ တင်ပို့/ ထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များ ပံ့ပိုးခြင်း၊ စိစစ်တွက်ချက်ခြင်း၊ ပေါင်းစပ်ခြင်းနှင့် သုံးသပ်အတည်ပြုခြင်းများ ဆောင်ရွက်ရန်၊

(ခခ) မြန်မာနိုင်ငံအနေဖြင့် ကီဂါလီပြင်ဆင်ချက်အရ HFCs ကို ကာလအလိုက် ထိန်းချုပ်လျှော့ချသွားမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရန်ပုံငွေနှင့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအား ဖော်ထုတ်၍ စိစစ်တင်ပြရန်၊

(ဂဂ) Myanmar NDCs 3.0 တွင် ချမှတ်ဆောင်ရွက်မည့် အအေးပေးကဏ္ဍဆိုင်ရာ ရည်မှန်းချက်များပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေနှင့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအား ဖော်ထုတ်၍ အစီရင်ခံစာတွင် ထည့်သွင်းရေးဆွဲနိုင်ရေးဆောင်ရွက်ရန်၊

(ဃဃ) အအေးပေးဆိုင်ရာ ဒြပ်ပစ္စည်းများအသုံးပြုမှုနှင့်စပ်လျဉ်း၍ အိုဇုန်းလွှာထိခိုက်မှုနှင့် ကမ္ဘာ့အပူချိန်မြင့်တက်လာမှုကို လျှော့ချနိုင်ရန် ပတ်ဝန်းကျင်ဆိုင်ရာ သဟဇာတဖြစ်စေမည့် အအေးပေးနည်းပညာနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်တင်ပြရန်။

(ဆ) **ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ လုပ်ငန်းအဖွဲ့**

(၁) **ဖွဲ့စည်းခြင်း**

(ကက) ညွှန်ကြားရေးမှူး — ဥက္ကဋ္ဌ
ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ခခ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

(ဂဂ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ငင) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(စစ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဗဟိုစာရင်းအင်းအဖွဲ့
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဆဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဇဇ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စီမံကိန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဈဈ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ညည) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဋဋ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဌဌ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဍဍ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဎဎ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဏဏ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(တတ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ထထ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဒဒ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အဆောက်အအုံဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဓဓ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( နန ) ဒုတိယညွှန်ကြားရေးမှူး အတွင်းရေးမှူး
ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၂) **လုပ်ငန်းတာဝန်များ**

(ကက) NDCs (၂၀၂၁) အစီရင်ခံစာပါ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေး ဆောင်ရွက်မည့် ဦးစားပေးကဏ္ဍများအလိုက် ဆောင်ရွက်တိုးတက်မှုဆိုင်ရာ အချက်အလက်များကို Myanmar NDCs 3.0 တွင် ထည့်သွင်းရေးဆွဲနိုင်ရေး အချက်အလက်များ ပံ့ပိုးခြင်း၊ ပေါင်းစပ်ခြင်း၊ စိစစ်သုံးသပ်အတည်ပြုခြင်းများ ဆောင်ရွက်ရန်၊

( ခခ ) NDCs (၂၀၂၁) အစီရင်ခံစာပါ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေး ဆောင်ရွက်မည့် ဦးစားပေးကဏ္ဍများနှင့် လုပ်ငန်းများအပြင် ဦးစားပေးကဏ္ဍအသစ်နှင့် လုပ်ငန်းများထည့်သွင်းနိုင်ရေးအတွက် စိစစ်သုံးသပ်တင်ပြရန်၊

( ဂဂ ) NDCs (၂၀၂၁) ပါ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေး ဆောင်ရွက်မည့် ဦးစားပေးကဏ္ဍဆိုင်ရာ လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ဦးစားပေးကဏ္ဍအသစ်များအတွက် ဖြစ်ပေါ်လာနိုင်သည့် ရန်ပုံငွေနှင့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအား ဖော်ထုတ်၍ အစီရင်ခံစာတွင် ထည့်သွင်းရေးဆွဲနိုင်ရေးဆောင်ရွက်ရန်၊

(ဃဃ) ဦးစားပေးကဏ္ဍများအလိုက် Loss & Damage ဆိုင်ရာ အချက်အလက်များအား ပံ့ပိုးခြင်း၊ စိစစ်တွက်ချက်ခြင်းနှင့် ဆောင်ရွက်ထားရှိမှုဆိုင်ရာ အချက်အလက်များအား ဆန်းစစ်လေ့လာသုံးသပ်အတည်ပြု၍ Myanmar NDCs 3.0 တွင် ထည့်သွင်းရေးဆွဲနိုင်ရေးဆောင်ရွက်ရန်။

( ဇ ) **အစီရင်ခံစာရေးဆွဲပြုစုရေး လုပ်ငန်းအဖွဲ့**

(၁) **ဖွဲ့စည်းခြင်း**

(ကက) ညွှန်ကြားရေးမှူး ဥက္ကဋ္ဌ
ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

( ခခ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

( ဂဂ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဗဟိုစာရင်းအင်းအဖွဲ့
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဃဃ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( ငင ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(စစ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဆဆ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဇဇ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဈဈ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ညည) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဋဋ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဌဌ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ဍဍ) ဒုတိယညွှန်ကြားရေးမှူး　အတွင်းရေးမှူး
ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၂) **လုပ်ငန်းတာဝန်များ**

(ကက) လုပ်ငန်းအဖွဲ့များထံမှ Myanmar NDCs 3.0 အစီရင်ခံစာတွင် ကဏ္ဍအလိုက် ထည့်သွင်းဖြည့်စွက်မည့် အချက်အလက်များ/ ဆက်စပ် အချက်အလက်များအား တောင်းခံရန်၊

(ခခ) လုပ်ငန်းအဖွဲ့များမှ ပေးပို့လာသည့် Myanmar NDCs 3.0 အစီရင်ခံစာတွင် ကဏ္ဍအလိုက် ထည့်သွင်းဖြည့်စွက်မည့် အချက်အလက်များအပေါ် အားနည်းချက်/ အားသာချက်များအား စိစစ်၍ သုံးသပ်တင်ပြရန်၊

(ဂဂ) Myanmar NDCs 3.0 အစီရင်ခံစာအား UNFCCC အတွင်းရေးမှူးရုံးသို့ တင်ပြရမည့် သတ်မှတ်ကာလတွင် အချိန်မီတင်ပြနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များနှင့် လိုအပ်သလို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊

(ဃဃ) အစီရင်ခံစာရေးသားရာတွင် လိုအပ်သည့်အချက်အလက်များနှင့် ဆန်းစစ်ချက်များအား လိုအပ်သလို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းအား လုပ်ငန်းအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊

(ငင) Myanmar NDCs 3.0 အစီရင်ခံစာရေးဆွဲပြုစုရာတွင် လိုအပ်သည့် ရုံးသုံးပစ္စည်းများနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်မှုကော်မတီသို့ တင်ပြရန်၊

(စစ) Myanmar NDCs 3.0 အစီရင်ခံစာရေးဆွဲပြုစုစဉ်ကာလတစ်လျှောက် အစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရေး စီမံဆောင်ရွက်ရန်။

ခင်မောင်ရီ
ဥက္ကဋ္ဌ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီ**

**အမိန့်အမှတ် (၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

**သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူငယ်များ၏ပါဝင်မှုနှင့် စွမ်းဆောင်ရည်များမြှင့်တင်နိုင်မည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေးဦးစီးကော်မတီကို အထောက်အကူပြုနိုင်ရန် **သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်<br>အတွင်းရေးမှူး<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး<br>ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ | ဥက္ကဋ္ဌ |
| (ခ) | ဦးဇင်မင်းထက်<br>ဒုတိယဝန်ကြီး<br>လူငယ်နှင့် အားကစားရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာ ဇော်ဦး<br>စီးပွားရေးသုတေသီ | အဖွဲ့ဝင် |
| (ဃ) | ဦးရန်ကျော်<br>အတွင်းရေးမှူး<br>မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဦးအောင်ကျော်မိုး<br>ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါက်တာ စန်းစန်းအေး<br>ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာ နီလာမြင့်ထူး<br>ပါမောက္ခချုပ်၊ မုံရွာစီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဇ) | ဦးမင်းညိုဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးအောင်ကျော်ထူး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါက်တာ ကျော်ထွန်းနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

( ဋ ) ဒေါက်တာ နေမျိုးထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

( ဌ ) ဒေါက်တာ ချောစုမောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေးဝန်ကြီးဌာန

( ဍ ) ဦးမင်းသော်အေး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
လူငယ်ရေးရာဦးစီးဌာန
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

( ဎ ) ဦးဖြိုးကျော်သူ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(ဏ) ဦးနေဟိန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(တ) ဒေါက်တာ နန်းလှိုင် — အဖွဲ့ဝင်
ပါမောက္ခ၊ မြင်းခြံတက္ကသိုလ်

(ထ) ဒေါက်တာ စောဌေးမြင့် — အဖွဲ့ဝင်
ငြိမ်းချမ်းရေးတွင်ပါဝင်ဆောင်ရွက်သူ

( ဒ ) ဦးအောင်ဇေယျာလွင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံဒီဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း

( ဓ ) ဒေါ်စန္ဒာထွန်း — အဖွဲ့ဝင်
အတွင်းရေးမှူး၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း

( န ) ဒေါက်တာ အောင်မြတ်လွင် — အဖွဲ့ဝင်
အတွင်းရေးမှူး၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်သူများအသင်း

( ပ ) ဗိုလ်ချုပ် စိုးနိုင်ဦး(ငြိမ်း) — အတွင်းရေးမှူး
အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး
ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ

( ဖ ) ဗိုလ်မှူးကြီး ဝဏ္ဏအောင် — တွဲဖက်အတွင်းရေးမှူး
အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး
ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ

၂။ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဖိုရမ်အတွင်း ပြုလုပ်သည့် ပြပွဲပြိုင်ပွဲများနှင့် စာတမ်းများအား ကြီးကြပ်ရန်၊

( ခ ) လူငယ်ငြိမ်းချမ်းရေးဖိုရမ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှု၊ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များအား လေ့လာပြီး လုပ်ငန်း စွမ်းဆောင်ရည်နှင့် နောင်ကျင်းပမည့် ငြိမ်းချမ်းရေးဖိုရမ်များအတွက် အကောင်းဆုံးနည်းလမ်းများ ဖော်ထုတ်ရန်၊

( ဂ ) ၂၀၂၆ ခုနှစ် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရသည့် ရည်ရွယ်ချက်များ မည်မျှအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်ကို သုတေသနပြုပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းများဖော်ထုတ်ရန်၊

(ဃ) ဖိုရမ်တွင် ဆွေးနွေးခဲ့သည့် ခေါင်းစဉ်များအလိုက် ဆွေးနွေးချက်များ၊ ရလဒ်များအား အခြေခံ၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ လူငယ်ရေးရာနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးဖြစ်ထွန်းစေမည့် အချက်များပေါ် ဦးစားပေးအလိုက် လုပ်ငန်းအကောင်အထည်ဖော်မည့် အစီအစဉ်များ သတ်မှတ်နိုင်ရေး လေ့လာဆောင်ရွက်ရန်၊

( င ) နိုင်ငံတော်အနေဖြင့် ရန်ပုံငွေအင်အား၊ လူအင်အားနှင့် အချိန်တို့ကို စနစ်တကျတွက်ချက်၍ ဆောင်ရွက်သည့် ဖိုရမ်၏ အကျိုးသက်ရောက်မှု၊ အားသာချက်၊ အားနည်းချက်နှင့် စိန်ခေါ်မှုများကို သုတေသနပြု လေ့လာပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ခန်းစာဖော်ထုတ်ဆောင်ရွက်ရန်၊

( စ ) လုပ်ငန်းကော်မတီ၏ တာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် သုတေသနပြုနည်းလမ်းများဖြင့် အသုံးပြုဆောင်ရွက်ရန်၊

(ဆ) လုပ်ငန်းကော်မတီ၏ သုတေသနပြုတွေ့ရှိချက်များနှင့် ဆောင်ရွက်ရမည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များအား လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီသို့ ဖိုရမ်ကျင်းပပြီး (၁) လအတွင်း တင်ပြဆောင်ရွက်ရန်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ဥက္ကဋ္ဌ
လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

## ဆိုက်ဘာလုံခြုံရေးဆိုင်ရာ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီသည် ဆိုက်ဘာလုံခြုံရေးဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ) အရ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ကိုယ်စားလှယ် ၁ ဦး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ကိုယ်စားလှယ် ၁ ဦး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ကိုယ်စားလှယ် ၁ ဦး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ကိုယ်စားလှယ် ၁ ဦး<br>တပ်မတော်သိပ္ပံနှင့် နည်းပညာသုတေသနဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ကိုယ်စားလှယ် ၁ ဦး<br>မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ် ၁ ဦး<br>မြန်မာနိုင်ငံဒီဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ သုတေသနဆောင်ရွက်သွားမည့် စီမံချက် ပြုစုရေးဆွဲခြင်း၊

( ခ ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်သွားမည့် စီမံချက် ပြုစုရေးဆွဲခြင်း၊

( ဂ ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးခြင်း၊ ပြပွဲပြိုင်ပွဲများကျင်းပခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများပြုလုပ်ခြင်း စသည့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ စီမံချက်ရေးဆွဲဆောင်ရွက်ခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒနှင့်အညီ အခြေခံနှင့် အဆင့်မြင့်ပညာရေးတွင် ဆိုက်ဘာလုံခြုံရေးဆိုင်ရာအသိပညာများ ပို့ချပေးနိုင်ရေး လိုအပ်သောသင်ရိုးများ ပြုစုရေးဆွဲခြင်း၊

( င ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွင့်လှစ်မည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လျာထားသင်တန်းစီမံချက်အား ဦးစီးကော်မတီသို့ ပေးပို့တင်ပြခြင်း၊

( စ ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာနည်းပညာ တိုးတက်ပြောင်းလဲမှုပေါ်မူတည်၍ ပြည်တွင်းပြည်ပ သင်တန်းများတက်ရောက်နိုင်ရေးနှင့် ပြည်တွင်းပြည်ပ လေ့လာရေးများစေလွှတ်နိုင်ရေး ဆောင်ရွက်ထားရှိခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၅)

## ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ပြုစုရေးဆွဲရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီသည် ဆိုက်ဘာလုံခြုံရေးဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ) အရ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ပြုစုရေးဆွဲရေး လုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

( ခ ) ကိုယ်စားလှယ် ၁ ဦး အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

( ဂ ) ကိုယ်စားလှယ် ၁ ဦး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ကိုယ်စားလှယ် ၁ ဦး အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

( င ) ကိုယ်စားလှယ် ၁ ဦး အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

( စ ) ကိုယ်စားလှယ် ၁ ဦး အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဆ) ကိုယ်စားလှယ် ၁ ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

( ဇ ) ကိုယ်စားလှယ် ၁ ဦး အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) ကိုယ်စားလှယ် ၁ ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(ည) ကိုယ်စားလှယ် ၁ ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံဒီဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း

( ဋ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ပြုစုရေးဆွဲရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆိုက်ဘာလုံခြုံရေးဆိုင်ရာဥပဒေနှင့်အညီ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ပြုစုရေးဆွဲခြင်း၊

(ခ) သတင်းအချက်အလက်နည်းပညာဆိုင်ရာ တည်ဆဲဥပဒေများကို လေ့လာသုံးသပ်၍ လိုအပ်ပါက ပြင်ဆင်ရေးဆွဲနိုင်ရေး တင်ပြခြင်း၊

(ဂ) နိုင်ငံတကာဆိုက်ဘာဥပဒေများကို စဉ်ဆက်မပြတ်လေ့လာ၍ လိုအပ်ပါက တည်ဆဲဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းကော်မတီမှတစ်ဆင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဦးစီးကော်မတီသို့ တင်ပြခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းကော်မတီက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၅)

## နိုင်ငံတကာ ဆိုက်ဘာလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီသည် ဆိုက်ဘာလုံခြုံရေးဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ) အရ နိုင်ငံတကာ ဆိုက်ဘာလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ကိုယ်စားလှယ် ၁ ဦး<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ကိုယ်စားလှယ် ၁ ဦး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ကိုယ်စားလှယ် ၁ ဦး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ကိုယ်စားလှယ် ၁ ဦး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ကိုယ်စားလှယ် ၁ ဦး<br>မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ် ၁ ဦး<br>မြန်မာနိုင်ငံဒီဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ နိုင်ငံတကာ ဆိုက်ဘာလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပြဿနာများပေါ်ပေါက်ပါက ဆိုက်ဘာတိုက်ခိုက်မှုများကို တုံ့ပြန်ရန်၊ ကာကွယ်ရန်အတွက် နိုင်ငံတကာနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းနိုင်ရေး၊ မျှဝေနိုင်ရေး ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံတကာတွင် ဆိုက်ဘာလုံခြုံရေးဆိုင်ရာဥပဒေများ ညီညွတ်မှုရှိစေရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် တရားစွဲဆိုမှုလုပ်ငန်းစဉ်များတွင် လွယ်ကူချောမွေ့စေရေး ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဆိုက်ဘာတိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သော နိုင်ငံတကာပဋိပက္ခများကို ကာကွယ်ရန်နှင့် ဖြေရှင်းရန် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ခြင်း၊

(င) ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းကော်မတီက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း၊

(စ) ဆိုက်ဘာလုံခြုံရေးနှင့် သက်ဆိုင်သောသင်တန်းများ တက်ရောက်နိုင်ရေး၊ လေ့လာရေးသွားရောက်နိုင်ရေးနှင့် သင်တန်းကမ်းလှမ်းခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

မြထွန်းဦး
ဥက္ကဋ္ဌ
ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၅၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

**မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၁၉၂၀ ပြည့်နှစ်၊ မြန်မာနိုင်ငံကူးလက်မှတ်အက်ဥပဒေသည် လက်ရှိကာလအခြေအနေနှင့် လိုက်လျောညီထွေမှုမရှိပါသဖြင့် ခေတ်ကာလနှင့်လျော်ညီစွာ ရေးဆွဲနိုင်ရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်စွဲပါ စာအမှတ်၊ ၅၀၆(၄၀၀)/ ၁၂/ ကောင်စီရုံးဖြင့် ခွင့်ပြုချက်အရ မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ရဲဗိုလ်ချုပ် မျိုးမင်းထိုက် | ဒုတိယရဲချုပ်(၂)<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ရဲမှူးချုပ် ကျော်လင်း | ဌာနကြီးမှူး<br>မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ရဲမှူးချုပ် လှိုင်မင်း | တပ်ဖွဲ့မှူး<br>သတင်းရဲတပ်ဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဗိုလ်မှူးကြီး လူထက် | စစ်ဦးစီးမှူး(ပထမတန်း)<br>တပ်မတော်စစ်ဘက်ရေးရာအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ရဲမှူးကြီး စိုးနိုင် | ဒုတိယတပ်ဖွဲ့မှူး<br>မှုခင်းရဲတပ်ဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (စ) | ဒေါ်နန်းဖြူစင်သန်းမြင့် | ညွှန်ကြားရေးမှူး<br>ကောင်စစ်ရေးရာနှင့်<br>ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးမြဝင်း-၂ | ညွှန်ကြားရေးမှူး<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါ်မိသန္တာမြင့် | ညွှန်ကြားရေးမှူး<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်အေးအေးသိန်း | ညွှန်ကြားရေးမှူး<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးအောင်ဆန်းဦး | ညွှန်ကြားရေးမှူး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ယာယီရဲမှူးကြီး အောင်သန်း | ညွှန်ကြားရေးမှူး<br>မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး(၁) |
| (ဌ) | ရဲမှူးကြီး အုပ်စိုးထွန်း | ဒုတိယတပ်ဖွဲ့မှူး<br>သတင်းရဲတပ်ဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး(၂) |
| (ဍ) | ဒုတိယရဲမှူးကြီး ခင်မောင်စိန် | ဒုတိယညွှန်ကြားရေးမှူး<br>မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (ဎ) | ဒုတိယရဲမှူးကြီး ထွန်းဝေ | ဌာနခွဲမှူး<br>သတင်းရဲတပ်ဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

၂။ မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေ(မူကြမ်း)ရေးဆွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာ ဥပဒေ (မူကြမ်း) ရေးဆွဲသွားရန်နှင့် ရေးဆွဲထားသည့် ဥပဒေ (မူကြမ်း) အား သက်ဆိုင်ရာ ရုံး/ ဌာနများသို့ သဘောထားအကြံပြုချက်များ တောင်းခံရန်၊

(ခ) သက်ဆိုင်ရာ ရုံး/ဌာနများ၏ အကြံပြုချက်များအပေါ် ဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီမှစိစစ်ပြီး လိုအပ်ပါက ဥပဒေ (မူကြမ်း) ၏ အမည်အပါအဝင် အချက်အလက်များ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဂ) မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေ (မူကြမ်း) ပါ အကြောင်းအရာများကို ပုဒ်မအလိုက် ခွဲခြား ဆွေးနွေးသုံးသပ်ခြင်း၊ လိုအပ်သည့်အစည်းအဝေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဃ) ဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီမှ အတည်ပြုထားသည့် ဥပဒေ (မူကြမ်း) အား ပြည်ထဲရေးဝန်ကြီးဌာန၊ ဥပဒေရေးရာအကြံပေးကော်မတီအစည်းအဝေးသို့တင်ပြ၍ အကြံပြုချက်၊ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရန်နှင့် အတည်ပြုချက်ရယူရန်၊

(င) ပြည်ထဲရေးဝန်ကြီးဌာန၊ ဥပဒေရေးရာအကြံပေးကော်မတီမှ အတည်ပြုသည့်ဥပဒေ (မူကြမ်း) အား ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြဆောင်ရွက်ရန်။

## အမိန့်ကြော်ငြာစာ (၁၃၅၈/၂၀၂၅)

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့၊ သစ်တပွေရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၁၂/သစ်တပွေ)၊ ဦးပိုင်အမှတ် (၁၅၈) ရှိ **မြေဧရိယာ ၀.၁၄ ဧက** အား ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ် ၁၁၉/ ၂၀၂၀-၂၀၂၁ ဖြင့် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့မှ ၂၀၅၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့အထိ တစ်နှစ်လျှင် မြေငှားရမ်းခ ၁၂,၆၀၀/- နှုန်းဖြင့် လူနေထိုင်ရန်အတွက် **ဦးထွန်းဇေယျာလင်း** အမည်ဖြင့် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၁ (ခ) အရ နှစ် (၃၀) မြေငှားဂရန်ထုတ်ပေးခွင့်ပြုပေးခဲ့ခြင်း **အစား** မူလဂရန်သက်တမ်းအတိုင်း တစ်နှစ်လျှင်မြေငှားရမ်းခ ၂၅,၂၀၀/- နှုန်းဖြင့် **စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် ဦးထွန်းဇေယျာလင်း [၈/ရနခ(နိုင်) ၁၀၇၃၇၂] အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန် ပြောင်းလဲပြင်ဆင်ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ( ၁၃၅၉ / ၂၀၂၅ )

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၅၂၅/လက်ကောင်း)၊ ဦးပိုင်အမှတ် (၁၇၆/၃) ရှိ **မြေဧရိယာ ၁.၁၁ ဧက** အား **ကားအရောင်းပြခန်းနှင့် ကားဂိုဒေါင်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ ၉၃၂,၄၀၀/- နှုန်းဖြင့် ဦးထွန်းကျော် [၁၃/နခန(နိုင်)၀၄၂၁၀၆] သို့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၆(၁) အရ နှစ်(၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ( ၁၃၆၀ / ၂၀၂၅ )

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ မြင်းသည်ကျေးရွာအုပ်စုရှိ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၂၆၁၊ မြင်းသည်တောင်)၊ ဦးပိုင်အမှတ် (၂၃၁/၂) ရှိ **မြေဧရိယာ ၀.၈၄ ဧက** အား **ဆီစက်လုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၂၀၁,၆၀၀/- နှုန်းဖြင့် ဦးထွန်းထွန်းနိုင် [၉/ သစန (နိုင်) ၁၄၉၆၅၁] သို့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၆(၁) အရ နှစ်(၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ( ၁၃၆၁ / ၂၀၂၅ )

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ မြင်းစိုင်းကျေးရွာအုပ်စုရှိ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၄၄၈-က/မေတ္တာကန်အရှေ့)၊ ဦးပိုင်အမှတ် (၆၂/၁၅၈) ရှိ **မြေဧရိယာ ၂.၄၉ ဧက** အား **ကော်ဖီစေ့စက်ရုံနှင့် ကုန်ကြမ်းသိုလှောင်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ ၅၉၇,၆၀၀/- နှုန်းဖြင့် ဦးချမ်းမြေ့စော [၁၂/ ဗဟန(နိုင်) ၀၉၄၃၂၀] သို့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၃၆၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ မီးရထားရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၇၉၇/ရွာထောင်အရှေ့)၊ မြေကွက်အမှတ် ($\frac{၁၇၄}{၁၆၃}$) ရှိ **ဇေယျမင်္ဂလာမူဆယ်ကျောင်းတိုက်** အခွန်လွတ် သာသနာ့

**မြေဧရိယာ ၀.၃၃၀ ဧက** အနက်မှ **၀.၀၂၃ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးကရင် [၅/စကန(နိုင်)၂၇၂၈၂၄] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၃၆၃/၂၀၂၅)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ တောင်လေးလုံးကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် (၁၆၀/တပ်နယ်သမဝါယမအသင်းစု)၊ ဦးပိုင်အမှတ် (၁/၁၊ ၂၊ ၂/၁၊ ၂/၅၊ ၄၂) တို့ရှိ **မြေဧရိယာ ၄၀.၀၀ ဧက** အား ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၄) ရဲလေ့ကျင့်ရေးကျောင်းသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၅၀၉(၄၉)/ ၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၄) ရဲလေ့ကျင့်ရေးကျောင်းသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် အကျဉ်းဦးစီးဌာနက နိုင်ငံတော်သို့ အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၄၀.၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၃၆၄/၂၀၂၅)

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အမှတ်(၈၇) သစ်စက်၊ မြန်မာ့သစ်လုပ်ငန်းသို့ နှစ် (၃၀) မြေငှားဂရန်ထုတ်ပေးခဲ့သော သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ ရွာမမြောက်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၈$^{N}$/အရှေ့ရပ်)၊ ဦးပိုင်အမှတ် (၁၊ ၂၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၃)ရှိ **မြေဧရိယာ ၂၀.၇၅ ဧက** အနက် ဦးပိုင်အမှတ် (၁၀၊ ၁၇၊ ၁၈၊ ၁၉) တို့မှ **မြေဧရိယာ ၀.၉၁၈ ဧက** အား မြို့နယ်ဥပဒေရုံးဆောက်လုပ်ရန်အတွက် ဥပဒေရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေး နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၅၀၉(၂၄)/ ၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ဥပဒေရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၉၁၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၃၆၅/၂၀၂၅)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၅စီ/စာတိုက်ရပ်)၊ ဦးပိုင်အမှတ် (၁၀၀) ရှိ **မြေဧရိယာ ၁၅.၂၂၉ ဧက** အနက်မှ **မြေဧရိယာ ၁.၂၄ ဧက** အား ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပဲခူးမြို့မရဲစခန်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၄၄)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပဲခူးမြို့မရဲစခန်းက နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁.၂၄ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၃၆၆/၂၀၂၅)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ ၁၄၁၉/၂၀၁၆ ဖြင့် မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမြေနေရာအဖြစ် မြေလွှဲအမိန့်ထုတ်ပြန်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၂၇/သူဌေးဝင်း)၊ ဦးပိုင်အမှတ်-၈ (ဆ)၊ ၁၁ (ခ)၊ ၁၃ (ခ)၊ ၁၄ (ခ) မူလရှိ **မြေဧရိယာ ၄.၀၁၄ ဧက** အနက်မှ **မြေဧရိယာ ၃.၄၆၁ ဧက** အား အများပြည်သူ အကျိုးငှာ အဆင့်မြင့်ရေကူးကန်တည်ဆောက်ရန်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေး နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ် အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၄၆)/၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနက နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃.၄၆၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မြေလွှဲအမိန့်ကြော်ငြာစာဖြင့် လွှဲပြောင်းပေးခဲ့သော **မြေဧရိယာ ၄.၀၁၄ ဧက** အနက်မှ **မြေဧရိယာ ၃.၄၆၁ ဧက** ကို ပြန်လည်စွန့်လွှတ်ပြီး **ကျန်မြေဧရိယာ ၀.၅၅၃ ဧက** ကို မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမြေအဖြစ် အသုံးပြုရန်အတွက် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမြေအဖြစ် အသုံးပြုရန် အမိန့် ပြင်ဆင်သတ်မှတ်သည့် **မြေဧရိယာ ၀.၅၅၃ ဧက** ကို ပြည်ထဲရေးဝန်ကြီးဌာနမှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၃၆၇/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင် ရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၈၅၈)၊ ဦးပိုင်အမှတ် (၂-အ/၉) ရှိ **မြေဧရိယာ ၀.၈၄၇၂ ဧက** ကို ပြည်ထဲရေး ဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းမြေနေရာအဖြစ် အသုံးပြုရန်အတွက် စွမ်းအင်ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ရေး နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၅၀၉(၄၃)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၈၄၇၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၃၆၈/၂၀၂၅)

ရှမ်းပြည်နယ်၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၊ အမှတ် (၃) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁/ အောင်ရတနာသုခကျောင်းရပ်)၊ ဦးပိုင်အမှတ် (၁) ရှိ **မြေဧရိယာ ၄.၉၇၁ ဧက** အား ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ **အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ကွန်ဟိန်း)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **နယ်စပ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **နယ်စပ်ရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၃၆၉/၂၀၂၅)

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ ပျားကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (ကွင်းလွတ်)၊ ဦးပိုင်အမှတ် (၃) ရှိ **မြေဧရိယာ ဝ.၄၅ ဧက** အား **ဂန့်ဂေါခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၃၇၀/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့၊ အမှတ် (၁) ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည်(၂၄၉၊ ဇီးပင်ကန်-N)၊ ဦးပိုင်အမှတ် ( ၂/၅၉/ခ ) ရှိ မြေဧရိယာ ၂.၃၂ ဧက၊ ဦးပိုင်အမှတ် ( ၂/က ) ရှိ မြေဧရိယာ ၁.၁၂ ဧက၊ ဦးပိုင်အမှတ် ( ၂/ဃ ) ရှိ မြေဧရိယာ ဝ.၅၉ ဧက၊ ဦးပိုင်အမှတ် ( ၁၄/က ) ရှိ မြေဧရိယာ ဝ.၇၁ ဧက၊ ဦးပိုင်အမှတ် ( ၁၄/ခ ) ရှိ မြေဧရိယာ ဝ.၃၈ ဧက၊ ဦးပိုင်အမှတ် ( ၁၅/က ) ရှိ မြေဧရိယာ ဝ.ဝ၈ ဧက၊ ဦးပိုင်အမှတ် ( ၁၅/ခ ) ရှိ မြေဧရိယာ ၁.ဝ၁ ဧက **စုစုပေါင်းမြေဧရိယာ ၆.၂၁ ဧက** အား အားကစားနှင့် ကာယပညာဦးစီးဌာန၊ **မလှိုင်မြို့နယ်အားကစားကွင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၃၇၁/၂၀၂၅)

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ခန္တီးမြို့၊ ဇီးဖြူကုန်းရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့်အမည် (၃/ ဇီးဖြူကုန်း)၊ ဦးပိုင်အမှတ် (၅၉) ရှိ **မြေဧရိယာ ဝ.၃၅၉ ဧက** အား **ခန္တီးခရိုင်တရားရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၈၁/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံးမှ စ/ဝ၈၃၅ ညွှန်ကြားရေးမှူး ဦးကျော်လွင် အား သက်ပြည့်အငြိမ်းစားယူရန်ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့အထိ (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာငြိမ်းပယ်လိုက်သည်။

၂။ စ/၀၈၃၅ ညွှန်ကြားရေးမှူး ဦးကျော်လွင် အား ငြင်းပယ်ထားသည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှ ဩဂုတ်လ ၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က)နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က)တို့အရ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နယ်စပ်ရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၉၁/ ၂၀၂၅)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့၌ ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးအမှတ်စဉ် (၁၃/ ၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၃) ဦးတို့အား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူး နေရာများသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဦးရန်လင်းအောင်<br>ညွှန်ကြားရေးမှူး<br>ဦးစီးဌာန (ရုံးချုပ်)၊ လုပ်ငန်းဌာန (၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)<br>ဦးစီးဌာန (ရုံးချုပ်) |
| (ခ) | ဒေါ်နော်မေရီစိန်<br>ဒုတိယညွှန်ကြားရေးမှူး<br>ဦးစီးဌာန (ရုံးချုပ်)<br>ရသုံးမှန်းခြေဌာနခွဲ | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ဦးစီးဌာန (ရုံးချုပ်)<br>စီမံကိန်းနှင့် စစ်ဆေးရေးဌာန |
| (ဂ) | ဒေါ်ငွေငွေဝင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ပလက်ဝမြို့နယ်ရုံး<br>[ဦးစီးဌာန (ရုံးချုပ်) တွဲဖက်] | ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ဦးစီးဌာန (ရုံးချုပ်)၊ လုပ်ငန်းဌာန (၄) |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၉၂/ ၂၀၂၅)

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့၌ ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/ ၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၄) ဦးတို့အား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ယင်းတို့နှင့်ယှဉ်တွဲပါ ဌာနများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး | လက်ရှိဌာန | ပြောင်းရွှေ့တာဝန် ချထားသည့် ဌာန |
|---|---|---|---|
| (က) | ဦးဇော်လှိုင်ဝင်း<br>ညွှန်ကြားရေးမှူး | ကချင်ပြည်နယ်ဖွံ့ဖြိုးမှု<br>ကြီးကြပ်ရေးရုံး | ဦးစီးဌာန (ရုံးချုပ်)<br>လုပ်ငန်းဌာန (၃) |

| စဉ် | အမည်၊ ရာထူး | လက်ရှိဌာန | ပြောင်းရွှေ့တာဝန် ချထားသည့် ဌာန |
|---|---|---|---|
| (ခ) | ဦးအောင်ထွဋ်<br>ညွှန်ကြားရေးမှူး | ကရင်ပြည်နယ်ဖွံ့ဖြိုးမှု<br>ကြီးကြပ်ရေးရုံး | ကချင်ပြည်နယ်ဖွံ့ဖြိုးမှု<br>ကြီးကြပ်ရေးရုံး |
| (ဂ) | ဦးသန့်ဇင်<br>ညွှန်ကြားရေးမှူး | ဦးစီးဌာန (ရုံးချုပ်)<br>စီမံကိန်းနှင့် စစ်ဆေးရေးဌာန | ကရင်ပြည်နယ်ဖွံ့ဖြိုးမှု<br>ကြီးကြပ်ရေးရုံး |
| (ဃ) | ဒေါ်အေးမွန်မွန်<br>ဒုတိယညွှန်ကြားရေးမှူး | ဦးစီးဌာန (ရုံးချုပ်)<br>လုပ်ငန်းဌာန (၄) | ဦးစီးဌာန (ရုံးချုပ်)<br>ရသုံးမှန်းခြေဌာနခွဲ |

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုဝန်ကြီးရုံးနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့မှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အဆင့် (၂) ဦးတို့အား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ဌာနများတွင် လစ်လပ်လျက်ရှိသည့် ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာများသို့ လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါ်ဇာဇာအောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး | ညွှန်ကြားရေးမှူး<br>ကချင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>(တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့်<br>ဝန်ဆောင်မှုရေးရာကော်မတီရုံးတွဲဖက်) |
| (ခ) | ဒေါ်ငြိမ်းနုဝေ<br>ဒုတိယညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဥပဒေရေးရာဝန်ကြီးဌာန

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

အမှတ် ၁၈၁။　ဥပဒေရေးရာဝန်ကြီးဌာန၏ ၁-၈-၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၁၉) အရ ၂၈-၉-၂၀၂၅ ရက်နေ့နံနက်ပိုင်းမှ ၂၇-၁-၂၀၂၆ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို ငြင်းပယ်ထားသော ဥပဒေရေးရာဝန်ကြီးဌာန၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဆွေဆွေအောင် (ဥ/၂၁၈၂) အား ၂၈-၁-၂၀၂၆ ရက်နေ့နံနက်ပိုင်းမှ ၂၇-၅-၂၀၂၆ ရက်နေ့ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့်ခံစားခွင့်ပြုပြီးနောက် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ ၂၀၂၆ ခုနှစ်၊ မေလ ၂၈ ရက်နေ့နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင်ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၈၂။　အောက်ဖော်ပြပါ ရုံးအုပ်၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရေးရာဝန်ကြီးဌာန၊ ဌာနခွဲအသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ဦးစီးအရာရှိ (စီမံအရာရှိအဆင့်-၂)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရာထူး၊ ရုံး၊ ဌာန၊ ဌာနခွဲ |
|---|---|---|---|
| ၁။ | ဒေါ်သစ်သစ်လှိုင် | ရုံးအုပ်<br>စစ်ကိုင်းတိုင်းဒေသကြီး<br>ဥပဒေချုပ်ရုံး | ဦးစီးအရာရှိ(စီမံအရာရှိအဆင့်-၂)<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်<br>ဘဏ္ဍာရေးဌာနခွဲ၊ ဝန်ကြီးရုံး<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ၂။ | ဒေါ်ကေဇင်ချောစု | ရုံးအုပ်<br>ဥပဒေဘာသာပြန်ဌာနခွဲ<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | ဦးစီးအရာရှိ(စီမံအရာရှိအဆင့်-၂)<br>ဥပဒေဘာသာပြန်ဌာနခွဲ<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ၃။ | ဦးကျော်ဇင်ထိုက်<br>ထွန်းအောင် | ရုံးအုပ်<br>ဦးစီးရုံး<br>ဝန်ကြီးရုံး<br>ဥပဒေရေးရာဝန်ကြီးဌာန | ဦးစီးအရာရှိ (စီမံအရာရှိအဆင့်-၂)<br>ဦးစီးရုံး<br>ဝန်ကြီးရုံး<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ၄။ | ဒေါ်သိင်္ဂီလင်း | ရုံးအုပ်<br>ဥပဒေဘာသာပြန်ဌာနခွဲ<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | ဦးစီးအရာရှိ (စီမံအရာရှိအဆင့်-၂)<br>ဥပဒေဘာသာပြန်ဌာနခွဲ<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ၅။ | ဒေါ်အိသန္တာမော်ဝင်း | ရုံးအုပ်<br>သတင်းအချက်အလက်နည်းပညာဌာနခွဲ<br>ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | ဦးစီးအရာရှိ (စီမံအရာရှိအဆင့်-၂)<br>သတင်းအချက်အလက်နည်းပညာဌာနခွဲ<br>ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |

ဒေါက်တာ သီတာဦး

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | ပြောင်းရွှေ့တာဝန်ပေးအပ်သည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဦးကျော်ဇင်သန့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)<br>မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (ခ) | ဦးဇေယျာ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)<br>မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး<br>ဦးစီးဌာန |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၆)**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ၏ သဘောတူညီချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး | ပြောင်းရွှေ့တာဝန်ပေးအပ်သည့် ရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး |
|---|---|---|
| (က) | ဒေါ်ဖြူဖြူရည်<br>ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ထုတ်လုပ်ရေးဌာနခွဲ၊ ရုံးချုပ် | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ဧရာဝတီတိုင်းဒေသကြီးရုံး |
| (ခ) | ဒေါ်ယဉ်ဆွေဝင်း<br>ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး<br>ဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးရုံး | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ထုတ်လုပ်ရေးဌာနခွဲ၊ ရုံးချုပ် |

မောင်မောင်အုန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၉၂/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

### ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)၊ ခွဲစိတ်ကုနှင့် မျိုးပွားပညာဌာနမှ ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ စိုးဝင်းနိုင် အား စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) တွင် လစ်လပ်လျက်ရှိသော ဒုတိယပါမောက္ခချုပ် (မွေးမြူရေး)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၉၉/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)

### ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) (၃) ဦးတို့အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့တိုးမြှင့်ခန့်ထားပြီး အမည်နှင့် ယှဉ်တွဲဖော်ပြပါဒေသများသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်/ဒေသ | ပြောင်းရွှေ့တာဝန်/ဒေသ |
|---|---|---|---|
| ၁။ | ဦးအောင်ဝင်းဆွေ | စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ<br>နေပြည်တော် | ညွှန်ကြားရေးမှူးရုံး<br>ဇလဗေဒဌာနခွဲ၊ ရန်ကုန်မြို့ |
| ၂။ | ဦးစံမင်းထွန်း | ညွှန်ကြားရေးမှူးရုံး<br>မန္တလေးတိုင်းဒေသကြီး<br>မန္တလေးမြို့ | ညွှန်ကြားရေးမှူးရုံး<br>မန္တလေးတိုင်းဒေသကြီး<br>မန္တလေးမြို့ |
| ၃။ | ဦးဝေဖြိုးကျော် | ညွှန်ကြားရေးမှူးရုံး<br>မကွေးတိုင်းဒေသကြီး<br>မကွေးမြို့ | ညွှန်ကြားရေးမှူးရုံး<br>ရှမ်းပြည်နယ်(တောင်ပိုင်း)<br>တောင်ကြီးမြို့ |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၁၉/၂၀၂၅)

### ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင်ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင့်လွင်

အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့တိုးမြှင့်ခန့်ထားပြီး ပြည်နယ် ဦးစီးဌာနမှူးအဖြစ် ရခိုင်ပြည်နယ်၊ ငါးလုပ်ငန်းဦးစီးဌာနသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင် ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန် ထမ်းဆောင်စေလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၂၁/၂၀၂၅)

## ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မွေးမြူရေး သုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ မိုးသက်ဦး အား မွေးမြူရေးသုတေသနဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံကိန်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန် ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၀၄၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၀၅၅/၂၀၂၄ ဖြင့် ထုတ်ပြန်ထားသည့် ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့် အပိုဒ် ၂၄ အရ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည့် လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီအား အခါအားလျော်စွာ စစ်ဆေးနိုင်ရန် **စိစစ်ရေးအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | အတွင်းရေးမှူး<br>ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း<br>ကနဦးစိစစ်ရေးအဖွဲ့ | ဒုတိယအဖွဲ့ခေါင်းဆောင် |
| (ဂ) | ညွှန်ကြားရေးမှူး သို့မဟုတ် တာဝန်ခံအရာရှိ<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး သို့မဟုတ် တာဝန်ခံအရာရှိ<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး သို့မဟုတ် တာဝန်ခံအရာရှိ<br>စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |

(ဆ) တွဲဖက်အတွင်းရေးမှူး — အဖွဲ့ဝင်
ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း
ကနဦးစိစစ်ရေးအဖွဲ့

(ဇ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(ဈ) မြို့နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ည) ဒုတိယရဲမှူး — အဖွဲ့ဝင်
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(ဋ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ရွှေလုပ်ငန်းရှင်များအသင်း

၂။ စိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင် လျှောက်ထားရယူထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ခ) နိုင်ငံတော်က သတ်မှတ်ထားသော စံချိန်စံညွှန်းကိုက်ညီသည့် ဓာတ်သတ္တု (ရွှေ) ကိုသာ ရောင်းချခြင်း၊ ဝယ်ယူခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဂ) ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးထားသော ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီက သတ်မှတ်ထုတ်ပြန်ထားသည့် ရည်ညွှန်းဈေးဖြင့်သာ ရောင်းဝယ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဃ) တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အခွန်ထမ်းဆောင်သူ ဟုတ် မဟုတ် စိစစ်ခြင်း၊

(င) ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ငွေပေးချေမှု၊ ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(စ) သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းလိုင်စင်ရယူထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဆ) အွန်လိုင်းစနစ်ဖြင့် ရောင်းချပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ် လျှောက်ထားရယူထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဇ) အမှတ် (၂) သတ္တုတွင်းလုပ်ငန်းက ရွှေရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ပြုထားသော နေရာတွင်သာ ရွှေရောင်းဝယ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဈ) နေ့စဉ်၊ လစဉ် အရောင်းအဝယ်စာရင်းနှင့် လက်ကျန်စာရင်းများကို ပြုစုပြီး သက်ဆိုင်ရာကနဦးစိစစ်ရေးအဖွဲ့သို့ လစဉ်လဆန်း (၅) ရက်အတွင်း မပျက်မကွက်တင်ပြခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ည) စံချိန်မီရွှေ၊ ရွှေ၊ ရွှေကြမ်း၊ လက်ဝတ်ရတနာ၊ ရွှေနှင့် ရွှေကြမ်းဖြင့် ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများအား ရွှေဈေးကွက် မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဋ) ရွှေရောင်းဝယ်ရာတွင် မရိုးမဖြောင့်သော သဘောဖြင့် အခြေပစ္စည်းများ၊ ကံစမ်းမဲများပေး၍ ဈေးနှုန်းတက်နိုင်သည့် အလားသဏ္ဌာန်ဆောင်သော နည်းလမ်းများဖြင့် ရောင်းဝယ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဌ) လက်ရောက်ရွှေလွှဲပြောင်းခြင်းနှင့် ခွင့်ပြုထားသော ရောင်းဝယ်သည့်နည်းလမ်းမှလွဲ၍ ရွှေကို သဏ္ဌာန်ဆောင် ရောင်းချခြင်း၊ ကြိုရောင်းကြိုဝယ် (လေပတ်ကား) ရောင်းချခြင်းနှင့် တရားမဝင် ရောင်းဝယ်မှုများ ရှိ မရှိ စိစစ်ခြင်း၊

( ၃ ) စစ်ဆေးတွေ့ရှိချက်များနှင့် ဆောင်ရွက်ချက်များကို ရွှေဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေး ဆပ်ကော်မတီမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီထံ အစီရင်ခံတင်ပြခြင်း။

**အမိန့်ကြော်ငြာစာအမှတ် (၁၆၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

( ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၈/၂၀၂၅ ဖြင့် အမှတ် (၁) သတ္တုတွင်းလုပ်ငန်းတွင် ကနဦးလစာ ၂၇၅,၀၀၀/- ဖြင့် အစမ်းခန့်အပ်တာဝန်ပေးအပ်ခဲ့သည့် အောက်ပါအရာထမ်း (၂) ဦးတို့သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် အရာထမ်းလောင်း အထူးသင်တန်း၊ အမှတ်စဉ် (၁၄) သို့ သင်တန်းတက်ရောက် ပြီးဆုံးအောင်မြင်ခဲ့ပါသည်–

| စဉ် | အမည် | ရာထူး |
|---|---|---|
| (က) | ဒေါ်ယုယုအိ | လက်ထောက်မန်နေဂျာ (သတ္တုတွင်း) |
| ( ခ ) | ဒေါ်ဖြိုးဖြိုးဝေ | လက်ထောက်မန်နေဂျာ (သတ္တုတွင်း) |

၂။ သို့ဖြစ်ပါ၍ အပိုဒ် (၁) ပါ အရာထမ်းများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာများတွင် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၄၃၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

၄–၁၂–၂၀၂၅ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၃၂/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနမှ လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀) တန်း၊ အထွေထွေမန်နေဂျာ (စီမံ) ဦးမြင့်လွင် အား ၂၀–၁–၂၀၂၆ ရက်နေ့မှ ၁၉–၅–၂၀၂၆ ရက်နေ့ထိ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင် ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀–၅–၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့် အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၄၄၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၄၆/၂၀၂၅) မှ သဘောတူခွင့်ပြုချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀–၂,၀၀၀–၂၄၄,၀၀၀) တန်း၊ စာရင်းကိုင်–၁/ ပစ္စည်းထိန်း–၁ (၂) ဦးတို့အား ယင်းကော်ပိုရေးရှင်းတွင် လစ်လပ်လျက်ရှိသော

လစာနှုန်း(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ လက်ထောက်မန်နေဂျာ (ဘဏ္ဍာ)/ (ပစ္စည်း) ရာထူးများသို့ တိုးမြှင့်ခန့်ထားလိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/-)ကို ခံစားခွင့်ပြုလိုက်သည်-

| စဉ် | အမည် | ရာထူး |
|---|---|---|
| (၁) | ဒေါ်ငြိမ်းငြိမ်းအေး | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) |
| (၂) | ဒေါ်ကေသီမြင့် | လက်ထောက်မန်နေဂျာ (ပစ္စည်း) |

## အမိန့်ကြော်ငြာစာအမှတ် (၄၄၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၄၇/၂၀၂၅) မှ သဘောတူခွင့်ပြုချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) တန်း၊ အငယ်တန်းအင်ဂျင်နီယာ-၂ (၃) ဦးတို့အား ယင်းကော်ပိုရေးရှင်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)တန်း၊ လက်ထောက်မန်နေဂျာ (အင်ယာ) ရာထူးများသို့ တိုးမြှင့်ခန့်ထားလိုက်ပြီး ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ချထားလိုက်သည်-

| စဉ် | အမည် | ရာထူး | တာဝန်ချထားသည့် ဌာန |
|---|---|---|---|
| (၁) | ဦးထက်ပိုင်ဦး | လက်ထောက်မန်နေဂျာ(အင်ယာ) | ၆၆/၁၁ကေဗွီ ဆုံရွာခွဲရုံ |
| (၂) | ဦးထွန်းထွန်းနိုင် | လက်ထောက်မန်နေဂျာ(အင်ယာ) | မြင်းခြံခရိုင်လျှပ်စစ်မန်နေဂျာရုံး |
| (၃) | ဦးဝေဖြိုးကျော် | လက်ထောက်မန်နေဂျာ(အင်ယာ) | ၆၆/၁၁ကေဗွီ ကြာညှပ်ခွဲရုံ (ဓာတ်အားဖြန့်ဖြူးရေးဌာန-တွဲဖက်) |

ဉာဏ်ထွန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အောက်ပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးတို့အား လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

(က) ဦးမြင့်ဝင်း ၉/သစန(နိုင်)၀၂၂၀၃၇

(ခ) ဦးကိုကိုဦး ၅/ဝလန(နိုင်)၀၅၇၇၉၀၁

ချစ်ဆွေ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၀၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

၂၄-၁၂-၂၀၂၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁၈/၂၀၂၅) အစီအစဉ် ၄ (ဃ-၄) ၌ သဘောတူဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ မြင့်မြင့်မော် အား ၃၀-၁၂-၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃(က) ပါ ပြဋ္ဌာန်းချက်အရ ၃၀-၄-၂၀၂၆ ရက်နေ့နံနက်ပိုင်းမှစတင်၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၀၃/၂၀၂၅)**

၂၄-၁၂-၂၀၂၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၂၅) အစီအစဉ် ၄ (ဃ-၃) ၌ သဘောတူဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ နီနီအောင် အား ၂၅-၁၂-၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) ပါ ပြဋ္ဌာန်းချက်အရ ၂၅-၄-၂၀၂၆ ရက်နေ့နံနက်ပိုင်းမှစတင်၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၀၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ထားဝယ်တက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ရာထူးကို ရယူ၍ မော်လမြိုင်တက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ခန့်ထားသော ဒေါက်တာ သီတာထွန်း အား မော်လမြိုင်တက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်အဖြစ် အလုပ်တာဝန် ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးနေရာပြောင်းရွှေ့ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၀၅/၂၀၂၅)**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၂၅) အစီအစဉ် (၄) (ဇ-၅) ၌ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာနမှ စာတည်းမှူး (မြန်မာစာ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်သိန်းသူဇာ အား စာတည်းမှူးချုပ်၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၀၆/၂၀၂၅)**

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးအောင်သန်း အား ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထား လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၁၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

၂၄-၁၂-၂၀၂၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၂၅) အစီအစဉ် ၄ (ဃ-၅) ၌ သဘောတူဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ ပခုက္ကူတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်ခင်ထွတ် အား ၅-၁-၂၀၂၆ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) ပါ ပြဋ္ဌာန်းချက်အရ ၅-၅-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစတင်၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၁၁/၂၀၂၅)**

၂၄-၁၂-၂၀၂၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၂၅) အစီအစဉ် ၄ (ဃ-၆) ၌ သဘောတူဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ မာလာယုအောင် အား ၁၄-၁-၂၀၂၆ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) ပါ ပြဋ္ဌာန်းချက်အရ ၁၄-၅-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစတင်၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ ချောချောစိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)

**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) အား အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (က) | ဒေါက်တာ စိုင်းကျော်နိုင်ဦး | အမြဲတမ်းအတွင်းဝန်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒေါက်တာ ငွေးသွင် | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာ၊ သက်မွေးပညာနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန | ဒုတိယ<br>အဖွဲ့ခေါင်းဆောင် |
| (ဂ) | ဒေါက်တာ နေခြည်လှဲ့လှဲ့သိန်း | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာ ဖြူဖြူဝင်း | ညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါက်တာ သိင်္ဂီမောင်မောင် | ညွှန်ကြားရေးမှူးချုပ်<br>အဏုမြူစွမ်းအင်ဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
| --- | --- | --- | --- |
| (စ) | ဒေါက်တာ လဲ့လဲ့ဦး | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာ အေးအေးခိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဇီဝနည်းပညာသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာ မိမိချိုထွေး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်း<br>ဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |

၂။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အဂတိလိုက်စားသော ပြစ်မှုလုံးဝမကျူးလွန်မိစေရန် ဌာနများ၌ အဂတိလိုက်စားမှုပြဿနာ ပေါ်ပေါက်နိုင်သော အခြေအနေများကို ကြိုတင်စိစစ်ဖော်ထုတ်ရန်၊

(ခ) ဌာနဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ (ဂယ်ပေါက်များ) ရှိ မရှိ ဆန်းစစ်အကဲဖြတ်ရန်၊

(ဂ) ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနအသီးသီးတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ငယ်များ ဖွဲ့စည်းပေးပြီး ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဃ) အဂတိလိုက်စားမှုဖြစ်နိုင်သော (ဂယ်ပေါက်များ) အား စနစ်တကျ ပိတ်ဆို့ ထိန်းချုပ်ရန်အတွက် စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့်အညီ ဆောင်ရွက်ရန်၊

(င) အဂတိလိုက်စားမှုဖြစ်ပေါ်လာပါက ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ရန်။

၃။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၀၄၅/၂၀၂၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ မျိုးသိန်းကျော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

အမှတ် ၂၀၆။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင်ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၈/၂၀၂၅) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၃၈/၂၀၂၅) တို့၏ သဘောတူဆုံးဖြတ်ချက်အရ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၁၀) ဦးတို့အား အလုပ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါ ဦးစီးအရာရှိ (အစားအသောက်)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်–

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
| --- | --- | --- |
| ၁။ | ဒေါ်မြတ်မာလာသင်း<br>ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်)<br>သထုံခရိုင်အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ(အစားအသောက်)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ(ရန်ကုန်) |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၂။ | ဒေါ်ဖူးသဥ္ဇာကျော်<br>ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ(မန္တလေး) | ဦးစီးအရာရှိ(အစားအသောက်)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ(ရန်ကုန်) |
| ၃။ | ဒေါ်သန္တာစိုး<br>ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ(အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန(နေပြည်တော်) |
| ၄။ | ဒေါ်ခင်ဆုဝေထွန်း<br>ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ(အစားအသောက်)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ(ရန်ကုန်) |
| ၅။ | ဒေါ်မျိုးသီရိမြတ်<br>ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်)<br>ရန်ကုန်တိုင်းဒေသကြီး<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန(မြောက်ပိုင်းခရိုင်) | ဦးစီးအရာရှိ(အစားအသောက်)<br>မအူပင်ခရိုင်အစားအသောက်နှင့်ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန |
| ၆။ | ဦးထိန်လင်း<br>ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်)<br>မကွေးတိုင်းဒေသကြီးအစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ(အစားအသောက်)<br>မကွေးတိုင်းဒေသကြီးအစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |
| ၇။ | ဒေါ်ကေခိုင်ငြိမ်း<br>ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်)<br>ရန်ကုန်တိုင်းဒေသကြီးအစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>(အရှေ့ပိုင်းခရိုင်) | ဦးစီးအရာရှိ(အစားအသောက်)<br>ရန်ကုန်တိုင်းဒေသကြီးအစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>(အရှေ့ပိုင်းခရိုင်) |
| ၈။ | ဦးမျိုးမင်းဇော်<br>ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ(အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |
| ၉။ | ဦးဖွဲ့ဝင်းပိုင်<br>ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်)<br>ရန်ကုန်တိုင်းဒေသကြီးအစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (အရှေ့ပိုင်းခရိုင်) | ဦးစီးအရာရှိ(အစားအသောက်)<br>ပြည်ခရိုင်အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |
| ၁၀။ | ဒေါ်မြသန္တာစိုး<br>ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်)<br>လားရှိုးခရိုင်အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ(အစားအသောက်)<br>တောင်ငူခရိုင်အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |

**မှတ်ချက်**။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဦးစီးအရာရှိများသည် ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း (**သတ်မှတ်ရက်အတွင်း**) အလုပ်တာဝန်များလွှဲပြောင်း/ လက်ခံပြီး တိုးမြှင့်ထမ်းဆောင်ရန်ဖြစ်သည်။

အမှတ် ၂၀၇။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင်ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၈/၂၀၂၅) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၃၈/၂၀၂၅) တို့၏ သဘောတူဆုံးဖြတ်ချက်အရ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဌာနခွဲစာရေး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၅) ဦးတို့အား အလုပ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါ ဦးစီးအရာရှိ (စီမံရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါ်ချိုသက်ဆွေ<br>ဌာနခွဲစာရေး<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ(မန္တလေး) | ဦးစီးအရာရှိ(စီမံရေး)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ(မန္တလေး) |
| ၂။ | ဒေါ်ခိုင်ခိုင်စိုး<br>ဌာနခွဲစာရေး<br>စီမံကိန်း/စစ်ဆေးရေးဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (စီမံကိန်း/စစ်ဆေးရေး)<br>စီမံကိန်း/စစ်ဆေးရေးဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |
| ၃။ | ဒေါ်ဝင်းနန္ဒာကျော်<br>ဌာနခွဲစာရေး<br>စီမံရေးဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ(စီမံရေး)<br>စီမံရေးဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |
| ၄။ | ဒေါ်နွယ်နွယ်အေး<br>ဌာနခွဲစာရေး<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ(ငွေစာရင်း)<br>စီမံရေးဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |
| ၅။ | ဒေါ်အိဖြူ<br>ဌာနခွဲစာရေး<br>ဓာတ်ခွဲဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ(စီမံရေး)<br>စစ်ကိုင်းတိုင်းဒေသကြီးအစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |

**မှတ်ချက်**။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဦးစီးအရာရှိများသည် ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း (**သတ်မှတ်ရက်အတွင်း**) အလုပ်တာဝန်များလွှဲပြောင်း/ လက်ခံပြီး တိုးမြှင့်ထမ်းဆောင်ရန်ဖြစ်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

အမှတ် ၂၄၅/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၁ / ၁၀ / ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်−

| | | | | |
|---|---|---|---|---|
| (၁) | စိုးဝင်းအောင် | ကြည်း | ၈၁၇၈၀ | ၁−၁၂−၂၀၂၅ |
| (၂) | ခင်မောင်နီ | ကြည်း | ၈၁၇၈၁ | ၁−၁၂−၂၀၂၅ |
| (၃) | ကိုကိုဦး | ကြည်း | ၈၁၇၈၂ | ၂−၁၂−၂၀၂၅ |
| (၄) | အောင်မျိုးသန့် | ကြည်း | ၈၁၈၀၃ | ၄−၁၂−၂၀၂၅ |
| (၅) | ဝင်းအောင် | ကြည်း | ၈၁၈၀၄ | ၄−၁၂−၂၀၂၅ |
| (၆) | မြင့်ဦး | ကြည်း | ၈၁၈၀၅ | ၄−၁၂−၂၀၂၅ |
| (၇) | ခင်မောင်စိုး | ကြည်း | ၈၁၈၀၆ | ၄−၁၂−၂၀၂၅ |
| (၈) | မင်းသူအောင် | ကြည်း | ၈၁၈၀၇ | ၄−၁၂−၂၀၂၅ |
| (၉) | ထွန်းထွန်းဝင်း | ကြည်း | ၈၁၈၀၈ | ၄−၁၂−၂၀၂၅ |
| (၁၀) | အောင်ကျော်မိုး | ကြည်း | ၈၁၈၀၉ | ၄−၁၂−၂၀၂၅ |
| (၁၁) | မြင့်ကြည် | ကြည်း | ၈၁၈၁၀ | ၄−၁၂−၂၀၂၅ |
| (၁၂) | စိုးသန်း | ကြည်း | ၈၁၈၁၂ | ၅−၁၂−၂၀၂၅ |
| (၁၃) | ဆန်းဝင်း | ကြည်း | ၈၁၈၁၃ | ၅−၁၂−၂၀၂၅ |
| (၁၄) | သိန်းဝင်းဗိုလ် | ကြည်း | ၈၁၈၁၄ | ၅−၁၂−၂၀၂၅ |
| (၁၅) | ညွန့်ဝင်းလှိုင် | ကြည်း | ၈၁၈၁၅ | ၅−၁၂−၂၀၂၅ |
| (၁၆) | ဇော်အောင်မိုး | ကြည်း | ၈၁၈၁၆ | ၅−၁၂−၂၀၂၅ |
| (၁၇) | ဝင်းသိန်း | ကြည်း | ၈၁၈၁၇ | ၅−၁၂−၂၀၂၅ |
| (၁၈) | ကျော်လွင် | ကြည်း | ၈၁၈၁၈ | ၅−၁၂−၂၀၂၅ |
| (၁၉) | စိုးဝင်း | ကြည်း | ၈၁၈၁၉ | ၅−၁၂−၂၀၂၅ |
| (၂၀) | ခင်မောင်သိန်း | ကြည်း | ၈၁၈၂၀ | ၅−၁၂−၂၀၂၅ |
| (၂၁) | ဝင်းမှူး | ကြည်း | ၈၁၈၂၁ | ၅−၁၂−၂၀၂၅ |
| (၂၂) | ကြည်ဆင့် | ကြည်း | ၈၁၈၂၂ | ၅−၁၂−၂၀၂၅ |
| (၂၃) | အေးနိုင် | ကြည်း | ၈၁၈၂၃ | ၅−၁၂−၂၀၂၅ |
| (၂၄) | မြသိန်းထွန်း | ကြည်း | ၈၁၈၂၄ | ၅−၁၂−၂၀၂၅ |
| (၂၅) | သီဟ | ကြည်း | ၈၁၈၂၅ | ၅−၁၂−၂၀၂၅ |
| (၂၆) | ဝင်းဖေ | ကြည်း | ၈၁၈၂၆ | ၅−၁၂−၂၀၂၅ |
| (၂၇) | အေးမြင့် | ကြည်း | ၈၁၈၂၇ | ၆−၁၂−၂၀၂၅ |
| (၂၈) | အောင်ကျော်ကျော် | ကြည်း | ၈၁၈၂၈ | ၆−၁၂−၂၀၂၅ |
| (၂၉) | ဝင်းဖေ | ကြည်း | ၈၁၈၂၉ | ၆−၁၂−၂၀၂၅ |
| (၃၀) | တင်မောင်ထွေး | ကြည်း | ၈၁၈၃၀ | ၆−၁၂−၂၀၂၅ |
| (၃၁) | ခင်မောင်ချို | ကြည်း | ၈၁၈၃၁ | ၆−၁၂−၂၀၂၅ |
| (၃၂) | မောင်ထွန်း | ကြည်း | ၈၁၈၃၂ | ၆−၁၂−၂၀၂၅ |
| (၃၃) | နိုင်လွင် | ကြည်း | ၈၁၈၃၃ | ၆−၁၂−၂၀၂၅ |
| (၃၄) | သိန်းဝင်းအောင် | ကြည်း | ၈၁၈၃၄ | ၆−၁၂−၂၀၂၅ |
| (၃၅) | မြင့်ဇော်ထွန်း | ကြည်း | ၈၁၈၃၅ | ၆−၁၂−၂၀၂၅ |
| (၃၆) | ဝင်းနိုင် | ကြည်း | ၈၁၈၃၆ | ၆−၁၂−၂၀၂၅ |
| (၃၇) | ကျော်ဆွေ | ကြည်း | ၈၁၈၃၇ | ၆−၁၂−၂၀၂၅ |
| (၃၈) | ဇော်သန်း | ကြည်း | ၈၁၈၃၈ | ၆−၁၂−၂၀၂၅ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| (၃၉) ဝင်းထိန် | ကြည်း | ၈၁၈၃၉ | ၆-၁၂-၂၀၂၅ | (၄၄) ဇော်မင်းဦး | ကြည်း | ၈၁၈၄၄ | ၉-၁၂-၂၀၂၅ |
| (၄၀) ဇော်မင်း | ကြည်း | ၈၁၈၄၀ | ၆-၁၂-၂၀၂၅ | (၄၅) သောင်းလှိုင် | ကြည်း | ၈၁၈၄၅ | ၁၂-၁၂-၂၀၂၅ |
| (၄၁) သက်နိုင် | ကြည်း | ၈၁၈၄၁ | ၆-၁၂-၂၀၂၅ | (၄၆) စောညွန့်ဋွေး | ကြည်း | ၈၁၈၄၆ | ၁၃-၁၂-၂၀၂၅ |
| (၄၂) ဟန်ဝင်းအောင် | ကြည်း | ၈၁၈၄၂ | ၆-၁၂-၂၀၂၅ | (၄၇) ဇော်မိုး | ကြည်း | ၈၁၈၄၇ | ၁၅-၁၂-၂၀၂၅ |
| (၄၃) စိုးသန်း | ကြည်း | ၈၁၈၄၃ | ၆-၁၂-၂၀၂၅ | (၄၈) ဝင်းလွင် | ကြည်း | ၈၁၈၄၈ | ၁၅-၁၂-၂၀၂၅ |

အမှတ် ၂၄၆/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၂ / ၁၀ / ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | | | | | |
|---|---|---|---|---|---|---|---|
| (၁) တင်ထွဋ် | ကြည်း | ၈၁၇၈၃ | ၃-၁၂-၂၀၂၅ | (၁၂) သိန်းစိုး | ကြည်း | ၈၁၇၉၄ | ၃-၁၂-၂၀၂၅ |
| (၂) လောခ္ခီရှိန်း | ကြည်း | ၈၁၇၈၄ | ၃-၁၂-၂၀၂၅ | (၁၃) မောင်မောင်ဦး | ကြည်း | ၈၁၇၉၅ | ၃-၁၂-၂၀၂၅ |
| (၃) ကိုကိုသွင် | ကြည်း | ၈၁၇၈၅ | ၃-၁၂-၂၀၂၅ | (၁၄) အောင်ကျော် | ကြည်း | ၈၁၇၉၆ | ၃-၁၂-၂၀၂၅ |
| (၄) အောင်စံဖြိုး | ကြည်း | ၈၁၇၈၆ | ၃-၁၂-၂၀၂၅ | (၁၅) ဝင်းညွန့် | ကြည်း | ၈၁၇၉၇ | ၃-၁၂-၂၀၂၅ |
| (၅) အောင်ကျော် | ကြည်း | ၈၁၇၈၇ | ၃-၁၂-၂၀၂၅ | (၁၆) ခင်ကြိုင် | ကြည်း | ၈၁၇၉၈ | ၃-၁၂-၂၀၂၅ |
| (၆) စန်းမောင် | ကြည်း | ၈၁၇၈၈ | ၃-၁၂-၂၀၂၅ | (၁၇) မြသာဇံ | ကြည်း | ၈၁၇၉၉ | ၃-၁၂-၂၀၂၅ |
| (၇) ထွန်းထွန်း | ကြည်း | ၈၁၇၈၉ | ၃-၁၂-၂၀၂၅ | (၁၈) မောင်မောင်ထွန်း | ကြည်း | ၈၁၈၀၀ | ၃-၁၂-၂၀၂၅ |
| (၈) စိန်မြင့် | ကြည်း | ၈၁၇၉၀ | ၃-၁၂-၂၀၂၅ | (၁၉) မောင်မောင်ခိုင် | ကြည်း | ၈၁၈၀၁ | ၃-၁၂-၂၀၂၅ |
| (၉) ဝင်းမြင့်အောင် | ကြည်း | ၈၁၇၉၁ | ၃-၁၂-၂၀၂၅ | (၂၀) ရဲရင့် | ကြည်း | ၈၁၈၀၂ | ၃-၁၂-၂၀၂၅ |
| (၁၀) လေးစိုး | ကြည်း | ၈၁၇၉၂ | ၃-၁၂-၂၀၂၅ | (၂၁) ခင်မောင်နိုင် | ကြည်း | ၈၁၈၁၁ | ၅-၁၂-၂၀၂၅ |
| (၁၁) မြင့်ဇော် | ကြည်း | ၈၁၇၉၃ | ၃-၁၂-၂၀၂၅ | | | | |

အမှတ် ၂၄၇/၂၀၂၅။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | | | | | |
|---|---|---|---|---|---|---|---|
| (၁) မောင်မောင်သော် | ကြည်း | ၈၁၈၄၉ | ၁၁-၈-၂၀၂၄ | (၃) ဇင်မင်းလတ် | ကြည်း | ၈၁၈၅၁ | ၂၄-၁၁-၂၀၂၅ |
| (၂) အောင်တင်ဝင်း | ကြည်း | ၈၁၈၅၀ | ၂၅-၁၀-၂၀၂၅ | | | | |

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

အမှတ် ၂၄၈/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၁ / ၁၀ / ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှအစပြု၍ တပ်မတော်(ကြည်း)တွင် ပြန်တမ်းဝင်အရာရှိ(ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

အေးဇော် ကြည်း ၈၁၈၅၂

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

အမှတ် ၂၅၁/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၁ / ၁၀ / ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

အောင်လှိုင်မြင့် ကြည်း ၈၁၈၅၃

## (ရေတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

အမှတ် ၁၆/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှအစပြု၍ တပ်မတော်(ရေ) စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ် လိုက်သည်-

(၁) အောင်နိုင် ရေ ၅၈၆၀

(၂) မောင်မောင်သန်း ရေ ၅၈၆၁

(၃) ဘိုဘိုထွန်း ရေ ၅၈၆၂

(၄) သန်းလွင်ဝင်း ရေ ၅၈၆၃

(၅) မောင်ဝင်း ရေ ၅၈၆၄

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

### ရုံးအမိန့်စာအမှတ် (၁၉၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅-၂၀၂၆) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူ ခွင့်ပြုချက်အရ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃၈/၂၀၂၅ အရ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀- ၃၆၁,၀၀၀) (၂) ဦးတို့အား လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

**စဉ် အမည်**

(၁) ဦးဖြိုးမောင်မောင်

(၂) ဒေါ်ကြည်ကြည်ထွန်း

မင်းဇော်ဝင်း
ညွှန်ကြားရေးမှူးချုပ်
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)

### အမိန့်ကြော်ငြာစာအမှတ် (၃၈၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၈၁/၂၀၂၅ အရ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) မှ

အောက်ဖော်ပြပါ နည်းပြ၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၃) ဦးတို့အား လစ်လပ်လျက်ရှိသော လက်ထောက်ကထိက၊ လစာနှုန်း(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ချထားလိုက်သည်-

| စဉ် | အမည်နှင့် မူလလုပ်ငန်းဌာန | ရာထူးတိုးမြှင့် တာဝန်ချထားသည့် လုပ်ငန်းဌာန |
|---|---|---|
| (၁) | ဒေါ်လင်းလင်းဝေ<br>သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) | လက်ထောက်ကထိက<br>သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) |
| (၂) | ဒေါ်ခိုင်ဇင်ဦး<br>သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) | လက်ထောက်ကထိက<br>သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) |
| (၃) | ဒေါ်အေးပွင့်ဖြူ<br>သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) | လက်ထောက်ကထိက<br>သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) |

ဒေါက်တာ ရီရီဝင်း
ပါမောက္ခချုပ်
သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

အမှတ် ၁၃၀၇။ ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာ ရဲမြင့်အောင် အား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကိုခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ(က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြု လိုက်သည်။

ဒေါက်တာ သန်းဇော်ဦး
ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန

## တိုင်းရင်းဆေးပညာဦးစီးဌာန

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

အမှတ် ၃။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၅-၁၁-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၄မက(ခ)၂၀၂၅/၄၂၉၂၄ ဖြင့် ခွင့်ပြုချက်အရ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၊ အနာပေါက်ကုသမှု ပညာဌာနမှ ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ပါမောက္ခ မီမီမို (တဆ-၈၂၀) အား အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်(၄)လကို ၆-၂-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၆-၆-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ(က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ စုစုဒွေး
ညွှန်ကြားရေးမှူးချုပ်
တိုင်းရင်းဆေးပညာဦးစီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**San Htike Thaw Co., Ltd**

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂
မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **San Htike Thaw Co., Ltd** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် ၃–၂–၂၀၂၆ ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com, CPA)၊ အမှတ် (၁၇၈)၊ မီနီကွန်ဒို၊ မြေညီထပ် (ဘီ)၊ တကောင်း (၅) လမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၁၀–၃–၂၀၂၆ ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးသန်းထိုက်အောင်
မန်နေးဂျင်းဒါရိုက်တာ
San Htike Thaw Co., Ltd
၏ ဒါရိုက်တာအဖွဲ့ကိုယ်စား

ဦးစိန်ကျော်ဝင်း
B.Com, CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း–၀၉–၅၁၂၅၉၈၅

## Aye Chan Pyae Sone Co., Ltd

### မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂
### မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ
### ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **Aye Chan Pyae Sone Co., Ltd** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် ၉-၂-၂၀၂၆ ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ (B.Com, CPA)၊ အမှတ် (၁၇၈)၊ မီနီကွန်ဒို၊ မြေညီထပ် (ဘီ)၊ တကောင်း (၅) လမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၁၆-၃-၂၀၂၆ ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးအောင်အောင်သက်ဦး
မန်နေးဂျင်းဒါရိုက်တာ
Aye Chan Pyae Sone Co., Ltd
၏ ဒါရိုက်တာအဖွဲ့ကိုယ်စား

ဒေါ်ညွန့်မေ
B.Com, CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း-၀၉-၂၅၀၀၃၁၅၅၇

ပ၊ ထ၊ န - အမှတ် ၆၄၇/၂၅/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၂၀၀/ ၆-၃-၂၀၂၆။